## မြန်မာနိုင်ငံဆေးလိပ်နှင့်ဆေးရွက်ကြီးကင်းစင်ရေးဆောင်ရွက်ချက်များ

မြန်မာနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနသည် ဆေးလိပ်နှင့်ဆေးရွက်ကြီး ထိန်းချုပ်ရေးကို ပြည်သူ့ကျန်းမာရေးကဏ္ဍတွင် ဦးစားပေးဆောင်ရွက်သကဲ့သို့ ဆေးလိပ်နှင့်ဆေးရွက်ကြီးထိန်းချုပ်ရေးစီမံချက်ကို အမျိုးသားကျန်းမာရေးစီမံကိန်း၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် ထည့်သွင်းထားပါသည်။ ၁၉၉၈ ခုနှစ် ဇူလိုင်လတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့သည် ဆေးလိပ်နှင့်ဆေးရွက်ကြီးထိန်းချုပ်ရေးအား "ဆေးလိပ်နှင့်ဆေးရွက်ကြီးကင်းစင်ရေး ပဏာမခြေလှမ်း" ဟူ၍ အသွင်သစ်ဖြင့် ဆောင်ရွက်ခဲ့ရာ မြန်မာနိုင်ငံတွင်လည်း ဆေးလိပ် ဆေးရွက်ကြီး ဆန့်ကျင်ရေး လှုပ်ရှားမှုများကို အရှိန်အဟုန်မြင့် ဆောင်ရွက်ခဲ့ပါသည်။ ၁၉၉၈ ခုနှစ် စက်တင်ဘာလတွင် ကျင်းပခဲ့သော အမျိုးသားကျန်းမာရေးကော်မတီ (၂၈) ကြိမ်မြောက် အစည်းအဝေးတွင် ဆေးလိပ်သောက်ခြင်းကြောင့် ဖြစ်ပွားသောရောဂါများ နှိမ်နင်းရေးနှင့် ကာကွယ်ရေးဆိုင်ရာ အမျိုးသားအဆင့် မူဝါဒများကို ချမှတ်ခဲ့ပါသည်။

အမျိုးသား ဆေးလိပ်နှင့်ဆေးရွက်ကြီး ထိန်းချုပ်ရေးစီမံချက်ကို ၂၀၀၀ ခုနှစ် ဇန်နဝါရီလမှစ၍ တရားဝင်စတင်ခဲ့ပြီး ဆေးလိပ်နှင့်ဆေးရွက်ကြီး ထိန်းချုပ်ရေး လုပ်ငန်းအစီအစဉ် မူကြမ်းနှင့် အမျိုးသားအဆင့်မူဝါဒကို အတည်ပြုခဲ့ပါသည်။ အမျိုးသား ဆေးလိပ်နှင့် ဆေးရွက်ကြီးထိန်းချုပ်မှု ကော်မတီကို ၂၀၀၂ ခုနှစ် မတ်လတွင် ဖွဲ့စည်းခဲ့ပြီး ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီးမှ ဦးဆောင်၍ နီးနွယ်ဦးစီးဌာနများမှ အကြီးအကဲများနှင့် စေတနာ့ဝန်ထမ်း လူမှုရေးအဖွဲ့များ၏ ဥက္ကဋ္ဌများမှ အဖွဲ့ဝင်များအဖြစ် ပါဝင်ပါသည်။ ထိုကော်မတီမှ တစ်နိုင်ငံလုံးတွင် အကောင်အထည်ဖော်ရမည့် မူဝါဒ လမ်းညွှန်ချက်များကို ချမှတ်ခဲ့ပါသည်။

၂၀၀၀ ပြည့်နှစ်တွင် ပြန်ကြားရေးဝန်ကြီးဌာနသည် ရေဒီယိုနှင့် ရုပ်မြင်သံကြားတို့မှ ဆေးလိပ်ကြော်ငြာလွှင့်ခြင်းများကို တားမြစ်ပိတ်ပင်ခဲ့ပါသည်။ ၂၀၀၂ ခုနှစ် မေလတွင် ဆေးလိပ်ကြော်ငြာဆိုင်းဘုတ်များအား ကျောင်းများ၊ ဆေးရုံများ၊ ကျန်းမာရေးဆိုင်ရာအဆောက်အဦးများ၊ အားကစားရုံများနှင့် သားဖွားခန်းများအနီး မြင်သာသောနေရာများတွင် စိုက်ထူခြင်းအား တားမြစ်ခဲ့ပြီး အခြားနေရာများတွင်လည်း စိုက်ထူခြင်းမပြုလုပ်ရန် ၂၀၀၃ ခုနှစ်၊ ဧပြီလတွင် တားမြစ်ခဲ့ပါသည်။ အလားတူပင် သတင်းစာ၊ ရုပ်မြင်သံကြား၊ ဂျာနယ်၊ မဂ္ဂဇင်းများတွင် ဆေးလိပ်ကြော်ငြာခြင်းကို ၂၀၀၃ ခုနှစ် အစောပိုင်းတွင် တားမြစ်ခဲ့ပါသည်။ ဆေးရုံများအားလုံးနှင့် ကျန်းမာရေးဌာနများ၊ အခြေခံပညာကျောင်းများ၊ အားကစားရုံများ၊ ကစားကွင်းများနှင့် အချို့အလုပ်ခွင်များတွင် ဆေးလိပ်သောက်ခြင်းကို တားမြစ်ထားပါသည်။

၁၉၉၉ ခုနှစ် မေလတွင်ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ကျင်းပသော ကမ္ဘာကျန်းမာရေးညီလာခံတွင် ဆေးလိပ်နှင့်ဆေးရွက်ကြီး ကင်းစင်ရေးနှင့်ထိန်းချုပ်ရေးအတွက် ဘက်ပေါင်းစုံမှ စေ့စပ်ဆွေးနွေးရေးနှင့် လိုက်နာရမည့်ကျင့်ဝတ်များဆိုင်ရာ ကြေညာစာတမ်းကို ထုတ်ပြန်ခဲ့ပါသည်။ အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ်သော မြန်မာနိုင်ငံမှလည်း အဆိုပါ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ကြေညာချက်ကို ခိုင်မာစွာ ထောက်ခံခဲ့ပါသည်။ ၂၀၀၂ ခုနှစ်၊ ဩဂုတ်လတွင် မြန်မာနိုင်ငံသည် ဒေသတွင်းနိုင်ငံများ၏ ဆေးလိပ်နှင့် ဆေးရွက်ကြီး ထိန်းချုပ်ရေးဆိုင်ရာ မူဘောင်ချမှတ်ရေး အကြံပေးဆွေးနွေးခြင်း ညီလာခံကို အိမ်ရှင်နိုင်ငံအဖြစ် ဂုဏ်ယူစွာ ကျင်းပနိုင်ခဲ့ပြီး အဆိုပါညီလာခံမှ ရန်ကုန်ကြေညာချက်စာတမ်း (၂၀၀၂) ကို ထုတ်ပြန်ခဲ့ပါသည်။ ၂၀၀၃ ခုနှစ် အောက်တိုဘာလ (၂၃)ရက်တွင် မြန်မာနိုင်ငံသည် ဆေးလိပ်နှင့် ဆေးရွက်ကြီးကင်းစင်ပပျောက်ရေးညီလာခံတွင် လက်မှတ်ရေးထိုးခဲ့ပြီး ၂၀၀၄ ခုနှစ် ဧပြီလ (၂၀)ရက်တွင် အဖွဲ့ဝင်အဖြစ်သို့ ရောက်ရှိခဲ့ပါသည်။ ထို့ကြောင့် ၂၀၀၆ ခုနှစ် ဖေဖော်ဝါရီလတွင် ဂျီနီဗာ၌

ကျင်းပသော အဖွဲ့ဝင်နိုင်ငံများ၏ ပထမဆုံးညီလာခံတွင် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ပါဝင်တက်ရောက်ခဲ့ပါသည်။ ထိုအောင်မြင်မှုများကို မှတ်တမ်းတင်သည့်အနေဖြင့် ချီးမြှင့်သည့် ၂၀၀၄ ခုနှစ်အတွက် ဆေးလိပ်ကင်းစင်ရေးနေ့ဆုကို ကျန်းမာရေးဝန်ကြီးဌာန၊ဝန်ကြီး ပါမောက္ခ ဒေါက်တာကျော်မြင့်မှ လက်ခံရယူခဲ့ပါသည်။ ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရသည် ဆေးလိပ်နှင့်ဆေးရွက်ကြီး ထိန်းချုပ်ရေးဆိုင်ရာ ဥပဒေကို ကျယ်ပြန့်စွာ ရေးဆွဲပြဋ္ဌာန်းခဲ့ပါသည်။




*ကျန်းမာရေးဝန်ကြီးဌာန၊ ဝန်ကြီး ပါမောက္ခ ဒေါက်တာကျော်မြင့်မှ*
*၂၀၀၄ ခုနှစ်အတွက် ဆေးလိပ်ကင်းစင်ရေးနေ့ဆုကို လက်ခံရယူစဉ်*

## ဆေးလိပ်နှင့်ဆေးရွက်ကြီး ထိန်းချုပ်ရေးစီမံချက်၏အခြေခံအချက်များ

- အသိပေးဆွေးနွေးတင်ပြခြင်းများကို အဆင့်တိုင်းတွင်ပြုလုပ်ခြင်း၊
- ကျန်းမာရေးဝန်ထမ်းများနှင့်စေတနာ့ဝန်ထမ်းလူမှုရေးအဖွဲ့ဝင်များအားစွမ်းရည်မြှင့်သင်တန်းများပို့ချခြင်း၊
- ကျန်းမာရေးပညာပေးခြင်းနှင့်အမူအကျင့်ပြောင်းလဲရေးဆက်သွယ်ခြင်း၊
- လူထုအတွင်းအသိပေးလှုံ့ဆော်ခြင်း၊
- လူထုအခြေပြုဆေးလိပ်ဖြတ်လှုပ်ရှားမှုများပြုလုပ်ခြင်း၊
- သုတေသနပြုလုပ်ခြင်းနှင့်စောင့်ကြပ်ကြည့်ရှုခြင်း၊
- ဆေးလိပ်ကြော်ငြာများကိုကန့်သတ်ခြင်း၊
- နှီးနွှယ်ဝန်ကြီးဌာနများနှင့်ပူးပေါင်း၍ ဆေးလိပ်ကင်းစင်နယ်မြေများသတ်မှတ်ခြင်း၊




*ဒေသတွင်းနိုင်ငံများ၏ ဆေးလိပ်နှင့်ဆေးရွက်ကြီး ထိန်းချုပ်ရေးဆိုင်ရာ*
*မူဘောင်ချမှတ်ရေး အကြံပေးဆွေးနွေးခြင်း ညီလာခံ*
*(၂၀၀၅ ခုနှစ်၊ ဇွန်လ)*